# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး နှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နေသည့် အခါသမယတွင် တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းထောင်အသီးသီး၌ ကျခံနေရသောအကျဉ်းသားများအနက် နိုင်ငံတော် တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကိုလည်းကောင်း၊ တိုင်းရင်းသားအကျိုးစီးပွား ကိုလည်းကောင်း ထိပါးမည့်အန္တရာယ်မရှိနိုင်သည့် အကျဉ်းသားများကို နိုင်ငံတော်တည်ဆောက် ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ၎င်းတို့ကျခံနေရသော ပြစ်ဒဏ် အသီးသီးမှ လွတ်ငြိမ်း ချမ်းသာခွင့်ပေးပြီး အကျဉ်းထောင် မှ လွှတ်ပေးရေးကို အလေးထား စဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာ ရပ်ခံတင်ပြခဲ့ ပါသည်။

၂။ ယင်းကဲ့သို့ မေတ္တာရပ်ခံတင်ပြခဲ့ပြီးနောက် နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် အကျဉ်းကျနေသူ (၆၃၅၉) ဦးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီး ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့ တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်နေ့တွင် အကျဉ်းသား(၆၅၁)ဦးအား အကျဉ်းထောင် အသီးသီးမှ လွှတ်ပေးခဲ့ခြင်းကို ကော်မရှင်ကကြိုဆိုပါသည်။ နိုင်ငံတော်သမ္မတ၏ မေတ္တာ စေတနာ ကို လေးစားဂုဏ်ယူမိ ပါသည်။

၃။ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ၁၃ရက်နေ့တွင် လွှတ်ပေးခဲ့သည့် အကျဉ်းသား(၆၅၁)ဦး အနက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နှင့် နိုင်ငံအချို့တို့က လွှတ်ပေးရန် မျှော်လင့်တောင့်တသော အကျဉ်းသားများ ပါရှိကြောင်း သိရှိရသဖြင့် ကျေနပ်မိပါသည်။ ၎င်းတို့ကို လွှတ်ပေးခဲ့ခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့၏ မျှော်လင့်တောင့်တမှုလည်း ပြည့်မြောက်စေ သည်ဟု ကော်မရှင်က ခံယူပါသည်။

၄။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေး အတွက်လည်းကောင်း၊ အမျိုးသားပြည်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေး လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာ ထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းဖြစ်ပါ သည်။ အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခြင်းခံရသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏

မေတ္တာစေတနာကို အလေးထားပြီးအမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်